မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)
ဒါရိုက်တာအဖွဲ့
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ( ၁ ) ရက်

အကြောင်းအရာ။ အမည်ဖော်ပြတိုင်ကြားခြင်း၊ အမည်ဖော်ပြခြင်း မပြုလုပ်ဘဲ တိုင်ကြားခြင်း (Whistle blowing) ဆိုင်ရာမူဝါဒထုတ်ပြန်ခြင်း။

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏ ရုံးတွင်းပိုင်း စီမံခန့်ခွဲမှုနှင့်ထိန်းကွပ်မှု (Internal Control and Internal Structure) တွင်လည်းကောင်း၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ အပါအဝင် အကြီးတန်း၊ အငယ်တန်း ဝန်ထမ်းအားလုံးသည် လည်းကောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းတွင် လက်ခံကျင့်သုံးနေသော အကျင့်စာရိတ္တပိုင်းဆိုင်ရာ စံနှုန်းများနှင့်အညီ သိက္ခာ၊ သမာဓိရှိစွာဖြင့် ဖြောင့်မှန်စွာ ပြုမူကျင့်ကြံရန် မူဝါဒချမှတ်ထားပါသည်။ MAPCO ၏ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားသော တည်ဆဲဥပဒေများ၊ ကုမ္ပဏီမှ လက်ခံကျင့်သုံးလျက်ရှိပြီး အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေသော UN Global Compact ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန် တာဝန်ရှိပါသဖြင့် အကြောင်းအရာတွင် ဖော်ပြထားသော ဤ မူဝါဒကို သိရှိလိုက်နာနိုင်ရန် ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

၂။ MAPCO တွင် တာဝန်ထမ်းဆောင်နေသော တစ်စုံတစ်ယောက်သောသူ (သို့မဟုတ်) အဖွဲ့ တစ်ဖွဲ့ဖွဲ့သည် တည်ဆဲဥပဒေများကိုသော်လည်းကောင်း၊ MAPCO မှ ချမှတ်ထားသော မူဝါဒများ၊ စည်းကမ်းချက်များကိုသော်လည်းကောင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ချိုးဖောက်မှု၊ ကျိုးပေါက်မှုများ ကိုသော်လည်းကောင်း၊ အလွဲသုံးစားမှုများနှင့် MAPCO ၏ အကျိုးစီးပွားမဟုတ်ဘဲ ကိုယ့်အကျိုး စီးပွားကို ရှေ့တန်းတင်ဆောင်ရွက်မှုများကိုသော်လည်းကောင်း ပြုလုပ်ကြောင်း သိရှိပါက (သို့မဟုတ်) ထိုသို့ပြုလုပ်ကြောင်း သံသယရှိသဖြင့် ယင်းကိစ္စကို စုံစမ်းဖော်ထုတ်ရန် လိုအပ်ပါက ထိုကဲ့သို့သော ကိစ္စရပ်များကို ဥက္ကဋ္ဌ ထံသို့ လည်းကောင်း၊ အုပ်ချုပ်မှုဒါရိုက်တာထံသို့လည်းကောင်း၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ (Non-executive Director) ထံသို့လည်းကောင်း တင်ပြသတင်း ပေးနိုင်ပါသည်။ ထိုသို့သတင်းပေးတင်ပြရန်အတွက် အောက်ပါ Email များကို ဖြစ်စေ၊ ရုံးရှိ Suggestion Box တွင် ဖြစ်စေ (သို့မဟုတ်) အဆိုပါပုဂ္ဂိုလ်များထံသို့ တင်ပြတိုင်ကြားလိုသူများ၏ ကြိုက်နှစ်သက်သော ဆက်သွယ်ရေးလမ်းကြောင်းဖြင့် ဖြစ်စေ ဆောင်ရွက်နိုင်ပါသည်-

(i) chairman@mapco-ygn.com

(ii) md@mapco-ygn.com

(iii) bod@mapco-ygn.com

Myanmar Agribusiness Public Corporation (MAPCO) Ltd

MAPCO

၃။ ယခုကဲ့သို့ မူဝါဒချမှတ်ဆောင်ရွက်ရခြင်းသည် ဝန်ထမ်းများအပါအဝင် MAPCO နှင့် သက်ဆိုင်သူများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုနှင့် အစုရှယ်ယာထည့်ဝင်သူများ၊ လယ်ယာကဏ္ဍနှင့် သက်ဆိုင်သူများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု အတွက်ဖြစ်ပါသည်။ ထို့အပြင် ဝန်ထမ်းများ၏ ရပိုင်ခွင့်များ၊ အကြံပြုချက်များကို ပေးပို့နိုင်ရန်အတွက် စီစဉ်ပေးမှုလည်းဖြစ်ပါသည်။ ရာထူးအလိုက် အဆင့်ဆင့် အုပ်ချုပ်မှုကြောင့် အောက်ခြေမှ အထက်သို့ တင်ပြ အကြံပြုနိုင်မှု အားနည်းပြီး အပြစ်ပေးခံရမည်ကို စိုးရိမ်ခြင်း (သို့မဟုတ်) ဖွင့်ဟ တင်ပြနိုင်ရန် အခြေအနေမပေး၍ ကြိတ်မှိတ်မျိုသိပ်ထားရခြင်းမှ ကာကွယ်ပေးရန်လည်းဖြစ်ပါသည်။ ကုမ္ပဏီ၏ ဝန်ထမ်းရေးရာ မူဝါဒ၏ အခြေခံအကျဆုံး အချက်ဖြစ်သော " **အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုနှင့် ရလဒ်ထွက်အောင်ဆောင်ရွက်နိုင်မှု တို့ကို သုံးသပ် စဉ်းစားပြီး ချီးမြှင့်မြှောက်စားသည်** " ဆိုသော အချက်နှင့် " **စနစ်၊ စည်းကမ်း၊ စံချိန်စံနှုန်း၊ စာရင်းဇယား** " ဟူသော စနစ်တကျ ဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်မှုတို့တွင် ပျက်ကွက်မှု၊ ချိုးဖောက် မှုများရှိပါကလည်း သတင်းပေးပို့ တိုင်ကြားနိုင်ပါသည်။

၄။ တိုင်ကြားအသိပေးမှုများကို စနစ်တကျ စုံစမ်းဖော်ထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ကိုင်တွယ် ဖြေရှင်းပေးရန် ဒါရိုက်တာအဖွဲ့မှ အပြည့်အဝတာဝန်ယူပါသည်။ ထို့အပြင် တင်ပြတိုင်ကြားသည့်ကိစ္စနှင့်ပတ်သက်၍ လုံခြုံစွာဖြင့် လျှို့ဝှက်ထားရန်နှင့် တိုင်ကြားသူကို အပြည့်အဝအကာအကွယ်ပေးရန် ဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီမှ တာဝန်ယူပါသည်။ တိုင်ကြားမှုများကို အမည်ဖော်ပြတိုင်ကြားခြင်း (သို့မဟုတ်) အမည်ဖော်ပြခြင်းမပြုဘဲ တိုင်ကြားခြင်း (Whistle blowing) စသည်ဖြင့် တင်ပြသတင်းပို့နိုင်ပြီး ထိုသို့ ထုတ်ဖော်တိုင်ကြားမှု ပြုလုပ်ခြင်းကြောင့် တိုက်ရိုက်၍သော်လည်းကောင်း၊ အငြိုးထားပြီး သွယ်ဝိုက်အားဖြင့်သော်လည်းကောင်း ပြစ်ဒဏ်ခတ်ခံရနိုင်သည့် အန္တရာယ်မရှိစေဘဲ အပြည့်အဝကာကွယ်ပေးမည်ဖြစ်ပါသည်။ တိုင်ကြားခံရသူများအတွက်ကိုလည်း ပြန်လည်ရှင်းလင်းချေပနိုင်မည့် အခွင့်အလမ်းကို ပေးမည်ဖြစ်ပြီး ဘက်လိုက်မှုကင်းစွာဖြင့် စုံစမ်းဖော်ထုတ်ခြင်းကို နည်းမှန်၊ လမ်းမှန် စီမံခန့်ခွဲဆောင်ရွက်ရန် ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၅။ ယခုထုတ်ပြန်သော မူဝါဒသည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် သက်ဝင်ရမည်ဖြစ်ပြီး နောက်ထပ်ပြင်ဆင်ဖြည့်စွက်မှုများကို လိုအပ်သကဲ့သို့ ထပ်မံတိုးချဲ့၍ ပိုမိုထိရောက်ကောင်းမွန်စေရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

( ရဲမင်းအောင်၊ အုပ်ချုပ်မှုဒါရိုက်တာ )

Myanmar Agribusiness Public Corporation (MAPCO) Ltd ★ MAPCO

<u>ဖြန့်ဝေခြင်း</u>

(၁) ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့) နှင့် ဒါရိုက်တာအဖွဲ့ဝင်များ

(၂) အထွေထွေမန်နေဂျာ- ဌာနများအားလုံး သိရှိစေရန် ဆောင်ရွက်ပေးရန်နှင့် Website ၊ Annual Report တို့တွင် ထည့်သွင်းဖော်ပြရန်။